Prime Minister Erna Solberg

Glacisgata 10150

Oslo, Norway

ရက်စွဲ။ ။ ၁၂ ရက် ၇ လ ၂၀၂၁ခုနှစ်

**အကြောင်းအရာ။ ။ တယ်လီနောကုမ္ပဏီပိုင်မြန်မာနိုင်ငံရှိလုပ်ငန်းများအား M1 Group သို့ ရောင်းချသွားခြင်းအား ပယ်ဖျက်ပေးပါရန် နော်ဝေအစိုးရနှင့် တယ်လီနော ကုမ္ပဏီကို တောင်းဆိုခြင်း**

သို့ / ဝန်ကြီးချုပ်

မြန်မာနိုင်ငံရှိ တယ်လီနော၏ လုပ်ငန်းများကို လက်ဘနွန်ကုမ္ပဏီ M1 Group သို့ ရောင်းချသွားသည့် ကြေညာချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတစ်ဝှမ်းမှ ကျွန်ုပ်တို့ အရပ်ဘက် လူ့အဖွဲ့အစည်းပေါင်း (၄၆၄) ဖွဲ့အနေဖြင့် များစွာ အမျက်ထွက်ရပါသည်။ အဆိုပါရောင်းချခဲ့ခြင်းသည် အကြမ်းဖက် မြန်မာစစ်တပ်၏လုပ်ရပ်များကို ပို၍ပင် ရဲတင်းလာစေမည်ဖြစ်ပြီး မြန်မာ့ပြည်သူ ဘဝများစွာ အတွက် အန္တရာယ်ပို၍ ကြီးမားလာစေသည်။

မြန်မာနိုင်ငံတွင် တယ်လီနော၏ လုပ်ငန်းများကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းပြည်၏ ဆက်သွယ်ရေးကို မြှင့်တင်ရန်နှင့် တိုးတက်နိုင်စေရန် အစရှိသည့် ကတိများဖြင့် ဝင်ရောက် လာခဲ့သည်။ ထိုနှစ်တွင်ပင် နော်ဝေးဘုရင်သည် မြန်မာနိုင်ငံသို့ တော်ဝင်ခရီးစဉ်ဖြင့် လာရောက်ခဲ့ပြီး တယ်လီနောကုမ္ပဏီ ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် မိန့်ခွန်းပြောခဲ့စဉ်က ဘုရင်ကြီး၏ မိန့်ခွန်းတွင် "ရိုးဖြောင့်သော မိတ်ဆွေစစ်စစ်များဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံသို့ အားပေးကူညီရေးကို ကျွန်ုပ်တို့၏ တာဝန်ဟုသာ မှတ်ယူမိပါသည်" ဟုဆိုခဲ့သည်။

ထိုမှစကာ နောက်နှစ်များတွင် တယ်လီနောသည် အမြတ်အစွန်းများစွာ ရရှိသောလုပ်ငန်းတစ်ခု ဖြစ်လာခဲ့သည်။ ကုမ္ပဏီ၏ အစီရင်ခံစာအရ မြန်မာလုပ်ငန်းမှ ၂၀၂၀ ခုနှစ် ဝင်ငွေကိုကြည့်လျှင် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော် ကြောင်းတွေ့ရှိရပါသည်။

လူ့အခွင့်အရေးကိစ္စ၊ ပွင့်လင်းမြင်သာရှိရေးအတွက် ဆောင်ရွက်ကြသောကိစ္စများတွင် တယ်လီနောသည် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ လွတ်လပ်သော မီဒီယာများနှင့် အဆင်ပြေပြေဆက်ဆံခဲ့သော သမိုင်းကြောင်းရှိပါသည်။ သို့တိုင်အောင် အင်တာနက်ကိုပိတ်ပစ်ရန်နှင့် ဝက်ဘ်ဆိုက်များကို ပိတ်ပစ်ရန် အစိုးရမှ လျှို့ဝှက်စွာ ညွှန်ကြားလာသောအခါတွင် မငြင်းဆန်ဘဲ လိုက်နာလုပ်ဆောင်ခဲ့သည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ နေရာပေါင်းများစွာကို အင်တာနက်ဖြတ်တောက်ပေးရန် လိုက်နာခဲ့သည်မှာ ၂၀၁၉ ဇွန်လမှစ၍ တစ်နှစ်ကျော်ကြာပါသည်။ ချွင်းချက်အနေဖြင့် အစိုးရ၏ ဖိနှိပ်ချုပ်ခြယ်နေပုံ အကြောင်းခြင်းရာများကို တယ်လီနောထံမှ လွဲ၍ အခြားကုမ္ပဏီများထံမှ မကြားသိခဲ့ရသော အချိန်များလည်း ရှိခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်မှ အာဏာသိမ်းယူခဲ့ပြီးနောက် မြန်မာပြည်သူများကို ရက်စက်ကြမ်းကြုပ်စွာ ပြုမူခဲ့သော အခြေအနေများ တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်လာခဲ့ပါသည်။ အာဏာသိမ်းလိုက်ချိန်မှစကာ တယ်လီနောအနေဖြင့် ဒီမိုကရေစီကိုသာ လိုလားထောက်ခံကြောင်း ပြသသည့် သဘောထားထုတ်ပြန်ချက်များကို ထွက်ပေါ်လာခဲ့ပါသည်။ သို့သော် အကြမ်းဖက်စစ်တပ်၏ ဖိအားပေးမှုကြောင့် ပြည်သူတို့လွတ်လပ်စွာနေထိုင်နိုင်ခွင့် (privacy) ကို အကြီးအကျယ် ချိုးဖောက်ရာရောက်သော ကြားဖြတ်နားထောင်နိုင်သည့် ဆော့ဝဲလ်ကို စစ်တပ်အလိုကျ တပ်ဆင်ပေးခဲ့ရပြီး တယ်လီနောကွန်ရက်မှတဆင့် ပြည်သူတို့၏ ဆက်သွယ်မှုများကို စောင့်ကြည့်ခွင့်ပေးခဲ့ရကြောင်း သိရသည်။

ဤအခြေအနေတွင် မြန်မာပြည်သူများသည် ကိုဗစ်-၁၉ ကပ်ဘေးကိုသာမက အကြမ်းဖက်စစ်တပ်ကပေးသော ဒုက္ခများကိုပါ ရင်ဆိုင်နေရသည်။ ထိုကြောင့် တယ်လီနောအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂနှင့် OECD လမ်းညွှန်ချက်များအတိုင်း နိုင်ငံတကာ စံချိန်စံညွှန်းများကို လိုက်နာကျင့်သုံးရန် ကျွန်ုပ်တို့မျှော်လင့်ပါသည်။ စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ မိမိကြောင့် ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ခြင်းကို အတတ်နိုင်ဆုံး လျှော့ချလုပ်ကိုင်ရန်နှင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကို ကုစားပေးရန် တယ်လီနောတွင် တာဝန်ရှိပါသည်။

မြန်မာနိုင်ငံကို ယခုကဲ့သို့ စွန့်ပစ်ခဲ့သည့်အတွက် ဖြစ်ပေါ်လာမည့် လူ့အခွင့်အရေးဆိုင်ရာ အကျိုးဆက်များအား တယ်လီနောအနေနှင့် စဉ်းစားဆင်ခြင်သင့်ပါသည်။ မြန်မာပြည် အခြေစိုက်လုပ်ငန်းများကို ရောင်းချလိုက်ခြင်းအားဖြင့် မြန်မာပြည်သူများရင်ဆိုင်ရသည့် အခြေအနေပိုမိုဆိုးရွားပြီး ပိုမိုအန္တရာယ်ရှိလာနိုင်ခြေ ရှိ/မရှိ ဆိုသည့် မေးခွန်းကို အဖြေပေးရမည်ဆိုပါက

ပိုဆိုးလာမည်ဟုသာ ကျွန်ုပ်တို့အဖြေရပါမည်။ ထို့ကြောင့် တယ်လီနော့နှင့် နော်ဝေအစိုးရသည် နော်ဝေဘုရင်ကြီး ဟာရဲ ဆိုခဲ့သလို မြန်မာတို့၏ မိတ်ဆွေများ မဟုတ်နေကြပေ။

တယ်လီနော့မြန်မာ၏ အဓိကပြိုင်ဖက်များသည် လူ့အခွင့်အရေးနှင့် ပတ်သက်လာလျှင် ဆိုးရွားလှသော သမိုင်းကြောင်းရှိသည့် လုပ်ငန်းများဖြစ်ကြသည်။ မြန်မာနိုင်ငံအစိုးရပိုင် MPT သည် ယခုအခါ စစ်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ရှိပြီး Mytel တွင် တပ်ပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီက ရှယ်ယာရှင်အဖြစ်ပါဝင်နေသည်။ Ooredoo သည် စီးပွားရေး လုပ်ရာတွင် ပွင့်လင်းမြင်သာမှုမရှိပါ။ မြန်မာနိုင်ငံတွင် တယ်လီနော့အပေါ်မျှော်လင့်သလို ဖြစ်မလာခဲ့သော်လည်း တယ်လီနော့သည် ကမ္ဘာ့တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းတွင် ကျင့်ဝတ်လိုက်နာရေးကောင်းသော အစဉ်အလာရှိခဲ့ပြီး တာဝန်သိသော စီးပွားရေးလုပ်ကိုင်မှု ဓလေ့ခိုင်မာရေး အားပေး ဆောင်ရွက်ခဲ့သည့် စံပြအတွေ့အကြုံများလည်းရှိပါသည်။

Mytel နှင့် တာဝါတိုင်များတည်ဆောက်ရေးတွင် လက်တွဲခဲ့သောကြောင့် Burma Campaign UK က ကျင့်ဝတ်နှင့်မညီသော နာမည်ပျက်ရှိသည့်လုပ်ငန်း အဖြစ်သတ်မှတ်ထားသည့် M1 Group သို့ တယ်လီနော့က ရောင်းချခဲ့ပါသည်။ M1 ၏ တာဝါတိုင်များတည်ဆောက်ရေးလုပ်ငန်းအကြောင်းကို ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်၏ အစီရင်ခံစာများတွင်လည်းတွေ့နိုင်သည်။ Justice for Myanmar ၏ မှတ်တမ်းများအရ M1 Group သည် လူ့အခွင့်အရေးနှင့် ပတ်သက်လာလျှင် အာဏာရှင်အစိုးရများလက်အောက်တွင် စီးပွားရေးလုပ်ကိုင်ရန် ဝန်မလေးသည့် အုပ်စုဖြစ်ခဲ့သည့် အစဉ်အလာရှိသည်။ ဒါဖာဂျီနိုဆိုက်အတွင်း ဆူဒန်တွင် စီးပွားရေးလုပ်မြဲဖြစ်ပြီး လက်ရှိယီမင်နှင့် ဆီးရီးယားတို့တွင် ဖြစ်ပေါ်နေသော ရက်စက်ညှင်းပန်းသော လုပ်ရပ်များတွင် M1 Group မှ ငွေကြေးအထောက်အပံ့ ပတ်သက်ဆက်နွယ်နိုင်သည်ဟု ယူဆရသည်။ M1 Group ကို တည်ထောင်သူထဲမှ တစ်ဦးဖြစ်သူ Najib Mikati မှာ လက်ဘနွန်နိုင်ငံတွင် အဂတိလိုက်စားမှုဖြင့် တရားစွဲခံထားရသည်။

တယ်လီနော့သည် M1 Group သို့ရောင်းချရန် အစီအစဉ်ကို တယ်လီနော့သုံးစွဲသူ ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုင်ပင်ခဲ့ခြင်းမရှိပါ။ အသက်အန္တရာယ်ကြားမှ စစ်အာဏာရှင်ကို တွန်းလှန်နေကြပြီး တယ်လီနော့လက်ထဲတွင် ၎င်းတို့၏ လုံခြုံရေးကို အပ်နှံထားသည့် မြန်မာပြည် အရပ်ရပ်က တယ်လီနော့သုံးစွဲသူများနှင့်လည်း မတိုင်ပင်ခဲ့ပါ။ မြန်မာပြည်ရှိ တယ်လီနော့ လုပ်ငန်းများကို ယခုကဲ့သို့စွန့်ပစ်ရန် ပြင်ဆင်နေချိန်တွင် လူ့အခွင့်အရေးဆိုင်ရာ ကြိုတင်ဆန်းစစ်ချက် (Due diligence) ဆောင်ရွက်မှုအား အများပြည်သူသို့ တယ်လီနော့မှအသိမပေးခဲ့ပါ။ တယ်လီနော့ သုံးစွဲသူ ၁၆ သန်း၏ ကိုယ်ရေးအချက်အလက်များ၏ ကံကြမ္မာ မည်သို့ဖြစ်လာမည်၊ တယ်လီနော့က

ထိုအချက်အလက်များကို စစ်အစိုးရနှင့် ဆက်စပ်ပတ်သက်နေသော M1 Group ထံသို့ မည်သို့ လွှဲပြောင်းမည် စသည့်မေးခွန်းများနှင့် ကျွန်ုပ်တို့ စိုးရိမ်နေကြရပါသည်။

တယ်လီနောသည် ကျင့်ဝတ်လိုက်နာသော စီးပွားရေးလုပ်ငန်းမျိုးကို လုပ်ကိုင်ခြင်းအားဖြင့် နိုင်ငံတကာ အသိအမှတ်ပြုထားသော စံချိန်စံညွှန်းများကို ဖော်ဆောင်မြှင့်တင်ပေးနေသည်ဟု ကြွေးကြော်ခဲ့ပါသည်။ တယ်လီနောအနေနှင့် ပြည်သူတို့၏ ဒစ်ဂျစ်တယ် သုံးစွဲမှုများကို လုံခြုံစေပြီးလျှင် ကိုယ်ရေးကိုယ်တာလွတ်လပ်ပိုင်ခွင့်ကိုလည်း မထိပါးသည့်နည်းလမ်းများအားဖြင့် လူ့အဖွဲ့အစည်းကို အစဉ်ကာကွယ်ရန် ကြိုးပမ်းသွားမည်ဟုလည်း ဆိုထားသည်။ ယခုအခါ တယ်လီနောသည် ထိုကျင့်ဝတ်များနှင့်အညီ ကျင့်ကြံခြင်းမရှိပါ။

စစ်အစိုးရ၏ အကြမ်းဖက်နှိမ်နင်းမှုများဖြင့် ပစ်မှတ်ထားခံနေရချိန်တွင် တယ်လီနောနှင့် အဓိက အစုရှယ်ယာရှင်ဖြစ်သည့် နော်ဝေအစိုးရတို့အနေဖြင့် M1 Group သို့ မြန်မာနိုင်ငံလုပ်ငန်းများ ရောင်းချခြင်းကို ချက်ချင်းရပ်တန့်ပေးကြပါရန် အရပ်ဘက်လူ့အဖွဲ့အစည်းများအနေနှင့် တောင်းဆိုလိုက်ရပါသည်။ ယခုကဲ့သို့ ရောင်းချလိုက်ခြင်းသည် တယ်လီနော၏ မြန်မာလုပ်ငန်းများကို လက်လွှတ်စပယ် စွန့်ပစ်ခဲ့ခြင်း ဖြစ်ရုံသာမက မြန်မာပြည်သူများ၏ ဘဝများအပေါ်တွင်ပါ လက်လွှတ်စပယ် ပြုမူ ချန်ထားခဲ့ခြင်းလည်းဖြစ်ပါသည်။

တယ်လီနောမှ အောက်ပါအချက်များကို အဆောတလျင်ဆောင်ရွက်ပါရန် ကျွန်ုပ်တို့က တိုက်တွန်းအပ်ပါသည်။

- လူ့အခွင့်အရေးနှင့် လာဘ်ပေးလာဘ်ယူမှုများတွင်နာမည်ပျက်ရှိသော M1 Group သို့ လုပ်ငန်း ရောင်းချခြင်းကို ဖျက်သိမ်းပေးပါရန်
- မြန်မာနိုင်ငံရှိ တယ်လီနောလုပ်ငန်းများကို ရောင်းချရာတွင် လူ့အခွင့်အရေးဆိုင်ရာ ကြိုတင်ဆန်းစစ်ခြင်း (due diligence) ကို ကျယ်ပြန့်စွာ လူသိရှင်ကြား ဆောင်ရွက်ပေးရန်
- မြန်မာနိုင်ငံမှ စွန့်ခွာမည့်အစီအစဉ်မျိုးကို အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဂျာနယ်လစ်များ၊ သုံးစွဲနေသူများ၊ အသက်နှင့်ရင်းပြီး စစ်အာဏာရှင်ကို အာခံနေရသူများ အပါအဝင် တယ်လီနောလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သူများအား အကျေအလည် တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်ပါရန်
- တယ်လီနောအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်ချက်များကို လည်းကောင်း၊ နိုင်ငံတစ်ခုခုမှ တာဝန်ခံမှုရှိစွာ ထွက်ခွာရေး စည်းကမ်းများ အပါအဝင် OECD ၏ နိုင်ငံတကာလုပ်ငန်းကြီးများအတွက် ချမှတ်ထားသော လမ်းညွှန်ချက်များကို လိုက်နာအကောင်ထည်ဖော်ရန်

မေတ္တာဖြင့်

မြန်မာနိုင်ငံအခြေစိုက်အရပ်ဘက်လူ့အဖွဲ့အစည်းများ

ဆက်သွယ်ရန်။ ။ မနိုးနိုး
thampinoh@gmail.com
+447856 182542 (Signal only)

ကိုရဲ
miltonroberts1971@protonmail.com
+959759966142 (signal only)

လုံခြုံရေးကြောင့် ပါဝင်ကြသော မြန်မာနိုင်ငံအတွင်းရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏အမည်ကို ဖော်ပြခြင်းမပြုနိုင်ပါ။